ဝင်းကံကျေးရွာ၊ ကျိုက်ထိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅–၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝင်းကံကျေးရွာ၊ ကျိုက်ထိုမြို့နယ်

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ

## မာတိကာ


မာတိကာ ၁

စကားချီး ၄

ဝင်းကံ ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ကျိုက်ထိုမြို့နယ် ၅

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၆

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမ ဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟာနှင့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

**ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၅ ဥစ္စာဓနေ အဆင့် အခြေအနေ**

**ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**

**ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု**

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၃** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း**

**ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၈ **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၀ **မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ**

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ **ပြဿနာ နှင့် အခက်အခဲ**များ

**ဇယား** ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း

**ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ**

ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**

**ဇယား** ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

**ဇယား** ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၁ **အဖြစ်များသော** ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု

ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား ၃၆ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

**ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၂
**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၄
**ဇယား ၄၅** ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
**ကိုးကားစာရင်း** ၇၂
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၃
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝင်းကံကျေးရွာ ၊ ကျိုက်ထိုမြို့နယ်

# ဝင်းကံကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်ထိုမြို့နယ်




**ရည်ညွှန်း-** ဝင်းကံကျေးရွာအရင်းအမြစ်ပြမြေပုံ – ဝင်းကံကျေးရွာ၊ ဝင်းကံ ကျေးရွာ အုပ်စု၊ ကျိုက်ထိုမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၇–၂၉ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး နှင့် ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များ နှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များ နှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေး နှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု များပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရ နှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော

အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ် မျိုး ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဝင်းကံကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၏ အနောက်ဘက်တွင်တည်ရှိပါသည်။ စစ်တောင်းမြစ်၏ အရှေဘက်ခြမ်း (၂)မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၄၇ ဒီဂရီ ၁ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၇၉ ဒီဂရီ ၁ မိနစ် အကြား၊ ကျုံမကူးချောင်းနံဘေးတွင် တည်ရှိပါသည်။ ကျေးရွာသည် ဧရိယာ စုစုပေါင်း (၁၁၉၄၈) ဧက ကျယ်ဝန်းပါသည်။**

**ဝင်းကံကျေးရွာ၏ မြေမျက်နှာသွင်ပြင်မှာ အရှေ့မြောက်ဘက်တွင် တောင်ကုန်း၊တောင်တန်းများ နှင့် အနောက်ဘက်တွင် မြေပြန့်လွင်ပြင် နှင့် လယ်မြေများ ရှိပါသည်။ ကျေးရွာသည် ကျုံမကူးချောင်း မှ စစ်တောင်းမြစ်၊ စစ်တောင်းမြစ်မှတဆင့် သိမ်ဇရပ်ကျေးရွာ၊ မုက္ခမော့ကျေးရွာ၊ ခရွဲကျေးရွာများကို သွားရောက်နိုင်ပါသည်။**

**ပူအိုက်စွတ်စိုသောရာသီဥတုရှိပြီး** ၁၀နှစ်ပျမ်းမျှ မိုးရွာရက် (၁၃၃) ရက်၊ (၁၇၅.၄၆)လက်မ ရွာသွန်းပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ အထိ ပျမ်းမျှ မိုးရွာသွန်းသည့် ရက်နှင့်မိုးရွာသွန်းမှုသည် တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရှိရ ပါသည်။

**(ဂ) သဘာဝအရင်းအမြစ်များ ။ ။ ကျေးရွာ၏ မြောက်ဘက်တွင် သစ်ပင်ကြီးများ၊ ဝါးပင်များ ၊ဆေးဘက်ဝင်အပင်များ၊ ပေါက်ရောက်လျှက်ရှိပါသည်။ ရွာဘေးတစ်လျှောက်တွင် ကျုံမကူးချောင်း တည်ရှိပြီး ယင်းချောင်းများတွင် ရွှေကို တူးဖော်ရရှိနိုင်သည်။**

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ကရင်လူမျိုးများ အဓိကနေထိုင်ကြ ပြီး ရှမ်း၊ ဗမာ အနည်းငယ်ရှိပါသည်။ အိမ်ထောင်စု(၂၅၇)စုရှိပြီး လူဦးရေစုစုပေါင်း (၁၃၂၉)ဦး ရှိ ပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေသည် ၆၄.၃%ရှိပြီး ၃၅.၇% သည် မှီခိုသူများဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသား ဦးရေသည် အမျိုးသမီး ဦးရေထက် အနည်းငယ်ပိုပါသည်။**

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ကျေးရွာရှိ မိသားစုအများစုသည် စိုက်ပျိုးရေးလုပ်ငန်း နှင့် ကျပန်းလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံ လုပ်ငန်း လုပ်ဆောင်သူ ၇၅% ရှိပြီး အများစုမှာ ရှောက်ခြံ စိုက်ပျိုးကြပါသည်။ ထွက်ရှိလာသောသီးနှံများအား ကျေးရွာရှိ ဒိုင်(၆)ဦးမှ ရန်ကုန်/ပဲခူးမြို့များသို့ တင်ပို့ရောင်းချကြပါသည်။ မိုးရာသီတွင် စပါးစိုက်၊ တောင်ယာစိုက်၊ ရှောက်သီးခူး၊ ခြံရှင်း၊ ရှောက်သီးသယ် စသည်ဖြင့်လုပ်ကိုင်ကြပြီး ပွင့်လင်းရာသီ တွင် ခြံရှင်း၊ အသီးခူး၊ အသီးပို့ စသဖြင့် နေ့စား လုပ်ကိုင်ကြပါသည်။ အမျိုးသားတနေ့လုပ်အားခမှာ ၄၀၀၀ကျပ်ဖြစ်၍ အမျိုးသမီးတနေ့လုပ်အားခမှာ ၃၀၀၀ကျပ်ဖြစ်ပါသည်။**

**ကျေးရွာရှိလူငယ်အချို့မှာ ရန်ကုန်၊ ပဲခူးမြို့များရှိ စက်ရုံ/ စတိုးဆိုင်များနှင့် တချို့မှာ မလေးရှား**

(၁)ဦး၊ ထိုင်း(၂၀)ဦးနှင့် အမေရိကားသို့ (၆)ဦး သွားရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၆၅)ရာခိုင်နှုန်းရှိသောကြောင့် ကျေးရွာကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှုကို ဖော်ပြပါသည်။ ကျေးရွာ၏၁၇.၅%သည် မြေယာမဲ့များဖြစ်ပြီး အလွန်ဆင်းရဲသောသူများဖြစ်ကြသည်။ ကျေးရွာ၏ ၄၀.၈%သည် ၅ဧကအောက်ပိုင်ဆိုင်ကြ၍ ဆင်းရဲသောသူများဖြစ်ပြီး ၃၇.၄% သည် ၅ဧကမှ၁၂.၅ဧကအထိ ပိုင်ဆိုင်ကြပြီး တောင်သူလတ်များဖြစ်ပါသည်။ တောင်သူကြီး ၄.၃%သာရှိပြီး စိုက်ပျိုးမြေဧက(၁၂.၅ဧက)အထက် ပိုင်ဆိုင်ပါသည်။ တစ်ဦးတည်းပိုင် စိုက်ပျိုးမြေဧက(၄၁ဧက)ထိ အများဆုံးပိုင်ဆိုင်ပါသည်။ ကျေးရွာရှိရွာသူရွာသားများတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မရရှိသေးပဲ နှစ်စဉ် သီးနှံအခွန်ဆောင်သည့် ချလံများကိုသာ လက်ဝယ်ကိုင်ဆောင်ထားကြ ပါသည်။ တိုးချဲ့မစိုက်ပျိုးနိုင်သော် မြေလွတ်များစွာ ရှိပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ။** ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ **ဆင်းရဲသော အိမ်ထောင်စု(၁၆၇)ရှိသည်အနက် (၁၀၈) အိမ်ထောင်စုမှာ ၃လအောက် နှင့် (၇) အိမ်ထောင်စုသည် ၃လ နှင့် ၅လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ (၅၂) အိမ်ထောင်စုသည် အနည်းဆုံး ၆လစာ သိုလှောင်ထားနိုင်ပါသည်။ ကျန်သော အချိန်များတွင်** မိသားစုများသည် ခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ပံ့ပိုးမှုဖြင့်လည်းကောင်း၊ သီးနှံကြိုရောင်း၍သော်လည်းကောင်း ဝမ်းစာဖြည့်တင်းကြရပါသည်။

**မိုးတွင်းကာလများတွင် တောင်ကျရေကြောင့်ကျုံမကူးချောင်းရေကြီးခြင်း နှစ်စဉ်ဖြစ်ပေါ်ပြီး စိုက်ပျိုးသီးနှံများဆုံးရှုံးသဖြင့် မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများ စားနပ်ရိက္ခာမဖူလုံမှုများ မြင့်မားပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲကြမ်းတမ်းခြင်း၊ ဆိုင်ကယ်ကယ်ရီဖြင့်သွားရခြင်း၊ မြစ်ကမ်းဘေးနေထိုင်သူများရှိခြင်း၊ စက်လှေဖြင့် သီးနှံများတင်ပို့ရခြင်းတို့ကြောင့် ထိခိုက်မှု ဖြစ်နိုင်ပါသည်။**

**(ဃ) ကျန်းမာရေး နှင့် အာဟာရ။ ။ သွေးလွန်တုပ်ကွေးရောဂါသည် ကျေးရွာအတွင်းတွင် ဖြစ်ပွားမှုနှုန်းအများဆုံးဖြစ်ပါသည်။ တစ်ရွာလုံးရှိ ကလေး သူငယ်များသည် ရောဂါကူးစက်ခံရမှုများ ရှိသည်။ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါဖြင့် စေးရုံသို့ တက်ရောက်ကုသကြရသည်။ ကျေးရွာတွင်း ရွာဦးဘုန်းတော်ကြီးက ကင်ဆာရောဂါဝေဒနာသည် နှင့် အခြားရောဂါများအား ဆေးမြစ်၊ ဆေးဥ၊ သစ်ဖု၊ သစ်မြစ်များဖြင့် ကုသပေးလျက်ရှိရာ မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက်ကုသလျှက် ရှိကြပါသည်။**

**ကျေးရွာအနောက်ပိုင်းတွင် ရေတွင်းတူးဖော်၍မရနိုင်သောကြောင့် အိမ်ခြေ(၁၀၀)ခန့်သည် ရေရှားပါးမှုနှင့် ကြုံတွေ့နေကြရပါသည်။ နွေရာသီတွင် မြေနိမ့်ပိုင်းရှိ ရေတွင်းများတွင် သွားရောက် ခပ်ယူကြရပါသည်။ စက်ရေတွင်းမှရေကို ပိုက်ဖြင့်သွယ်တန်း၍ ရေရရှိအောင် လုပ်ဆောင်ကြမည်ဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ခြေ (၁၀)အိမ်ခန့်သည် ယင်လုံအိမ်သာ သုံးစွဲမှု မရှိကြပါ။**

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏ ဝ.၈%သည် စာတတ်မြောက်မှုမရှိကြပါ။ ၂၃.၈%သည် ဘုန်းတော်ကြီးကျောင်တွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှု အနေဖြင့် မူလတန်းပညာပြီးဆုံးသူ ၁၇.၂%၊ အလယ်တန်းပညာပြီးဆုံးသူ ၈.၇%၊ အထက်တန်းပညာပြီးဆုံးသူ ၂.၄% နှင့် ဘွဲ့ရရှိသူ ဝ.၈% ရှိပါသည်။ ယခုအခါ အသက် (၅-၉)နှစ် အတွင်း လူဦးရေ (၁၃၈)ရှိသော်လည်း မူလတန်းပညာ တက်ရောက်နေသူ(၂၃၃)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၆၈.၈% ရှိသဖြင့် ကလေးများ ကျောင်းနေနောက်ကျခြင်းကြောင့် အသက်(၉)နှစ်ကျော်သော်လည်း မူလတန်းအဆင့်တွင်ပင် ရှိနေခြင်း၊ အသက်(၁၀-၁၄)နှစ်အတွင်း လူဦးရေ(၁၅၃)ဦးရှိသော်လည်း တက်ရောက်နေသူ(၁၀၃)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၆၇.၃%ရှိသဖြင့် အသက်(၁၄)နှစ်ကျော်သော်လည်း အလယ်တန်းအဆင့်တွင်ပင် ရှိနေကြပါသည်။

**တက္ကသိုလ်ဝင်တန်း (၁၀) တန်းပညာရေးတွင် ၂၀၁၄ - ၂၀၁၅ ခုနှစ်၌ (၁) ဘာသာဂုဏ်ထူးရှင် (၂) ဦးနှင့် ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် (၄) ဘာသာဂုဏ်ထူးရှင် (၁) ဦးပေါ်ထွန်းခဲ့ပါသည်။ ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် ကျောင်းသူ/သား ကျောင်းထွက်နှုန်းဦးရေ (၃) ဦးခန့်ရှိပါသည်။**

**ကျေးရွာတွင် တစ်ပိုင်တစ်နိုင်ဝင်ငွေရလုပ်ငန်းအဖြစ် ဝါးခမောက်ယက်ခြင်း၊ လက်သမား/ပန်းရံလုပ်ခြင်း၊ စက်ချုပ်ခြင်း၊ ကွန်ပျူတာစာစီစာရိုက်ခြင်း၊ ဆိုင်ကယ်ကယ်ရီနှင့် စက်ပြင်ခြင်းတို့ဖြင့် ဝင်ငွေရှာဖွေသူများရှိပါသည်။ နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်သူ (၂၇)ဦးရှိပါသည်။**

**(စ) ကျားမဆက်နွယ်မှု။** ။ ဝင်းကံကျေးရွာတွင် တစ်ရက်လျှင် အမျိုးသားတစ်ဦး အလုပ်လုပ်ခ(၄၀၀၀)ကျပ် နှင့် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀)ကျပ်ရရှိပါသည်။ ပညာတတ်မြောက်မှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ်မြောက်သူဦးရေ ပိုမိုများပြားသည်။ စာမတတ်သူဦးရေတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။ အမျိုးသမီးများသည် အမျိုးသားများနည်းတူ မိသားစုကိစ္စများ၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆွေးနွေးဆုံးဖြတ်ကြသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးကိုဦးဆောင်နေသော အဖွဲ့အစည်းများအတွင်း အမျိုးသမီးများ ပါဝင်မှု အလွန်နည်းပါးပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။** ။ ဝင်းကံကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုနှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်ပါသည်။

အဖွဲ့များသည်ကဏ္ဍအလိုက် လုပ်ဆောင်မှုကောင်းများရှိသော်လည်း အဖွဲ့အစည်း အချင်းချင်းကြားတွင် ပွင့်လင်းမြင်သာမှု အားနည်းပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုထက်ပိုမိုလုပ်ဆောင်အောင်မြင်နိုင်ရန် လူထုတစ်ရပ်လုံးပူးပေါင်းပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးကော်မတီ၊ ကျေးရွာဖွံ့ဖြိုး

ရေးကော်မတီ၊ အကောင်အထည်ဖော်ရေး ဆပ်ကော်မတီများ၊ ကဏ္ဍအလိုက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်၍ ဖွံ့ဖြိုးရေးသဘောတရားများ စသောသင်တန်းများ ချိတ်ဆက်ရယူ လုပ်ဆောင်ရန် လိုပါမည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။** လယ်မြေ ၆၆ ၊ ယာ ၁၁၊ ဥယျာဉ်ခြံ ၉၅၀၊ရော်ဘာ ၇၁ကေရှိပါသည်။ **မြေဩဇာအသင့်အတင့်ကောင်းမွန်သော စိုက်ပျိုးမြေများ ဖြစ်ကြပါသည်။ လယ်စိုက်ဧက(၆၆)ကေပေါ်တွင် မိုးစပါးကိုသာ အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ချောင်းမှ လျှံတက်လာသော ရေအား ရေသွင်းတူးမြောင်းမှတဆင့်သွင်းယူကာ စိုက်ပျိုးကြပါသည်။ ယာမြေ (၁၁)ဧက ရှိပြီး တောင်ယာစပါး နှင့် နှမ်းကို စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေ (၉၈၀)ဧကရှိပြီး ရှောက်၊ သံပုရာ၊ ငှက်ပျော နှင့် ဟင်းသီး/ရွက်များကိုစိုက်ပျိုးကြပါသည်။ မြေဩဇာအနေဖြင့် နွားချေး၊ အပင်မှ ကြွေသောအရွက်များနှင့် သစ်ရွက်ဆွေးများအား အပင်ခြေရင်းတွင်ပုံခြင်းကို ပြုလုပ်ပါသည်။**

**စပါးတွင်နံ့စုပ်ပိုးနှစ်စဉ်ကျရောက်ခြင်း၊ ရှောက်တွင် ကြေးဖတ်ရောဂါ နှင့် သီးလုံးဖောက်ပိုးဆိုးဝါးစွာ ကျရောက်ပါသည်။** စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် နှင့် ဝင်ငွေတိုးတက်စေရန် စိုက်ပျိုးရေ ရရှိအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးနည်းပညာကောင်းများ ချိတ်ဆက်ခြင်း၊ စိုက်ပျိုးရေး ရင်းနှီးငွေများ လုံလောက်စွာရရှိရန် ချိတ်ဆက်ခြင်း၊ ဈေးကွက်နှင့် ချိတ်ဆက်ခြင်းစသော လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်ပါမည်။

**ရော်ဘာစိုက်ပျိုးခြင်းမှ ဝင်ငွေတိုးတက်ရရှိစေရန် မြို့နယ်ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ချိတ်ဆက်၍ ဈေးကွက်လက်လှမ်းမှီအောင် လုပ်ဆောင်ရမည် ဖြစ်ပါသည်။**

အိမ်ထောင်စုအများစုသည် ခိုင်းနွား၊ ကျွဲ၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲများကို မွေးမြူ ကြပါသည်။ ခိုင်းနွားများကို လယ်ယာလုပ်ငန်းခွင်တွင် သုံးရန် အဓိကမွေးမြူကြပါသည်။ ဝက်၊ ဘဲနှင့် ကြက်များကို မိသားစုအပိုဝင်ငွေရရန် တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ လုံလောက်သော ရင်းနှီးမတည်ငွေ မရှိခြင်း၊ လက်လှမ်းမမှီခြင်းတို့ကြောင့် အိမ်ထောင်စုများသည် စီးပွားဖြစ်မမွေးမြူနိုင်ကြပါ။ ကျေးရွာတွင် ရေလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု မရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။** ကျေးရွာရှိမိသားစုများသည် ဝါးခမောက်ယက်လုပ်ခြင်း၊ ပန်းရံ/လက်သမား၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်၊ ကွန်ပျူတာဆိုင်၊ လှော်ကာရည်ဆိုင်၊ ကုန်စုံဆိုင်၊ ကုန်ရောင်းကုန်ဝယ်၊ ဆိုင်ကယ်ကယ်ရီစသော အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ ထွက်ရှိလာသောသီးနှံများကို တန်ဘိုးမြှင့်ထုတ်ကုန်(ရှောက်သီးဆေးပြား၊ ယိုမျိုးစုံစသည့်သီးနှံတာရှည်ထားသိုနည်း)များ ပြုလုပ်နိုင်သည့်နည်းပညာများရရှိအောင် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဈေးကွက်သို့ထိုးဖောက်နိုင်ရန်လုပ်ဆောင်ရပါမည်။

**ဝါးခမောက်တစ်လုံးလျှင် လက်လီ (၆၀၀ မှ ၁၅၀၀ကျပ်ထိ ရောင်းချပြီး လက်ကားဈေးအနေဖြင့် (၅၀၀ကျပ်မှ၁၃၀၀ကျပ်ထိ)ရရှိပါသည်။ မိသားစုတပိုင်တနိုင် လုပ်ဆောင်နိုင်သော လုပ်ငန်းဖြစ်ပြီး ကျေးရွာတွင်းရောင်းချနိုင်သကဲ့သို့ သိမ်ဇရပ်တိုက်နယ်သို့ အချိန်မရွေးတင်ပို့ရောင်းချနိုင်ခြင်း၊ ထက်ဝက်နီးပါးအမြတ်ရရှိခြင်းတို့အတွက် တွက်ချေကိုက်သော စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။**

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။** ။ ကျေးရွာသည် ဓာတုပိုး သတ်ဆေးများကို သုံးစွဲမှုနည်းပါးပြီး၊ နွားချေးနှင့် သစ်ရွက်ဆွေးများကိုသာ အဓိက အသုံးပြုကြ ပါသည်။ တရားမဝင်ရွှေတူးဖော်ခြင်းများကြောင့်မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးဆုံးရှုံးမှုများခြင်း နှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် ကျုံမကူးချောင်းကွန်ယက်အဖွဲ့ကို ဖွဲ့စည်းထား ရှိပြီး ၁နှစ်လျှင်(၂)ကြိမ်ခန့် ချောင်းရိုးတလျှောက် စစ်ဆေးခြင်းများကိုဆောင်ရွက်ပြီး တရားမဝင် ရွှေတူးဖော်ရေးလုပ်ငန်းများကို တားဆီးခဲ့ကြပါသည်။ ၂၀၁၃ခုနှစ်မှ စတင်၍ ကွန်ယက်အဖွဲ့မှ ဦး ဆောင်ကာ ပေါင်းကူးအဖွဲ့၏ထောက်ပံ့မှုဖြင့် စာပေဟောပြောပွဲ၊ လယ်ယာမြေဥပဒေ သိကောင်းစရာ၊ အမျိုးသမီးစွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်း၊ လူ့အခွင့်အရေးသင်တန်းများကိုပို့ချပေးခဲ့ပါသည်။ ကွန်ယက်အဖွဲ့မှာ ရန်ပုံငွေမရှိသဖြင့် ရန်ပုံငွေရှာဖွေခြင်းအစီစဉ်များကို ရေးဆွဲထားရှိကာ ကျုံမကူး ချောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားကြမည် ဖြစ်ပါသည်။ **အမှိုက်များ ချောင်းထဲသို့အလွယ်တကူ စွန့်ပစ်ကြခြင်း၊ ပွင့်လင်းရာသီကာလများတွင် မီးရှို့ခြင်းသည် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သောကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိပညာပေး လုပ်ငန်းများ ပို့ချပေးရန် လိုအပ်ပါသည်။**

**(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ ချေးငွေဝန်ဆောင်မှုအနေဖြင့် ကျေးရွာအတွင်း ရွာသူရွာသားများသည်ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးနှင့် ငွေစုငွေချေးသမဝါယမအသင်း၊ အမျိုး သမီးများဖြင့်ဖွဲ့စည်းထားသော ကိုယ့်ထူကိုယ်ထအဖွဲ့များမှ ချေးငွေရရှိနိုင်ပြီး မြန်မာ့ လယ်ယာဖွံ့ဖြိုး ရေးဘဏ်မှ ပုံစံ(၇)ရှိ လယ်တစ်ဧကလျှင် ၁၀၀၀၀၀/ကျပ်၊ တစ်ဦးလျှင် အများဆုံး(၁၀)ဧက၊ ယာ တစ်ဧကလျှင် ၂၀၀၀၀/ကျပ်ဖြင့် ထုတ်ချေးနိုင်ကြပါသည်။ လိုအပ်သော ငွေကြေးကို ဆွေမျိုးများ နှင့် ရွှေဆိုင်များတွင် ပစ္စည်းအပေါင်ထား၍ ချေးယူရပါသည်။ အပေါင်ပစ္စည်းမထားနိုင်ပါက ငွေတိုး ချေးစားသူများထံတွင် အတိုးနှုန်းမြင့်မားစွာဖြင့် ထုတ်ချေးကြရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ကျေးရွာ၏ပညာရေးကဏ္ဍ တွင် မူကြိုကျောင်း နှင့် အလယ်တန်းကျောင်းတည်ရှိပြီး တပည့်၊ဆရာအချိုး (၂၂:၁)ဖြင့်** သင်ကြားလျှက်ရှိပါသည်။ အလယ်တန်းကျောင်းဆောင်သည် ၆၀’x ၃၀’x ၁၂’ ဖြစ် သည့်အတွက် ကျောင်းသား (၃၂၆) ဦးအတွက် ကျောင်းဆောင်မလုံလောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် ကျောင်းဆောင်မလုံလောက်မှုများရှိနေသည့်အတွက် ၆၀’x ၃၀’x ၁၂’ အကျယ်အဝန်း ရှိသည့်ကျောင်းဆောင်အားလည်း တိုးချဲ့ဆောက်လုပ်နိုင်ရန် ပညာရေးဌာနသို့တင်ပြထားပြီး ဖြစ်ပါသည်။

**ကျေးလက်ကျန်းမာရေးဆေးပေးခန်းအနေဖြင့် ကျေးရွာအတွင်းတွင် မရှိသော်လည်း ကျေးရွာ မှ (၅) မိုင် အကွာရှိသည့် ခရွဲတွင်သားဖွားဆရာမမှ ကိုယ်ပိုင်ဆေးပေး ခန်း(၁)ခု ဖွင့်လှစ်ထားရှိပါသည်။ ဝင်းကံကျေးရွာရှိ ဘုန်းတော်ကြီးမှ ကင်ဆာရောဂါဝေဒနာသည်နှင့် အခြားရောဂါများအား ဆေးမြစ်၊ ဆေးဥ၊ သစ်ဖု၊ သစ်မြစ်များဖြင့် ကုသပေးလျက်ရှိပါသည်။ ကျေးရွာအတွင်းတွင်လည်း တိုင်းရင်း ဆေးဆရာ(၂)ဦး၊ ကျန်းမာရေးဆရာ (၂)ဦးရှိပြီး ဆေးကုသပေးလျှက်ရှိပါသည်။ ပြင်းထန်ရောဂါများ**

အတွက် ကျေးရွာနှင့် (၈)မိုင်အကွာ သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ ကုသရပါသည်။ သိမ်ဇရပ်တိုက်နယ်ဆေးရုံတွင် ဆေးရုံအုပ် (၁)ဦး၊ လက်ထောက်(၁)ဦး၊ အထက်တန်းသူနာပြု (၂)ဦး၊ သူနာပြု ( ၂)ဦး နှင့် အလုပ်သမား (၄)ဦးခန့်ရှိပါသည်။

ရေတွင်း(၃၃)တွင်းမှ နွေရာသီတွင် ရေရှားပါးပါသည်။ ထမင်း၊ ဟင်းများချက်ပြုတ်ရန် ရေတွင်းကို အဓိကထားအသုံးပြုကြပါသည်။ ရေချိုးအဝတ်လျှော်အတွက် ကျုံမကူးချောင်း နှင့် ရွှေမြောင်းချောင်းတို့မှရေကို အသုံးပြုကြသည်။ ကျေးလက်ဦးစီးဌာနမှ စက်ရေတွင်းတစ်တွင်း တူးဖော်ထားပါသည်။

ကျေးရွာအိမ်ထောင်စု၏ (၂၂၃)အိမ်သည် ယင်လုံအိမ်သာကို သုံးစွဲကြပြီး ကျန်သော(၂)အိမ် သည် တွင်းတည့်အိမ်သာကိုသုံးစွဲ၍ (၈)အိမ်သည် တောထိုင်ကြပါသည်။ ကျေးရွာလူထုမှ ကျေးရွာ အတွင်း အိမ်တိုင်းစေ့ ယင်လုံအိမ်သာဆောက်လုပ်ကြရန် နှင့် ကျန်းမာရေးအသိပညာပေး ဟောပြော ပွဲများ ပြုလုပ်ပေး ရန် လိုလားနေကြပါသည်။

(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ဝင်းကံကျေးရွာတွင် အားကစားပြိုင်ပွဲများအနေဖြင့် ခြင်းလုံးခတ်ပြိုင်ပွဲများ ၊ ဘောလုံးပြိုင်ပွဲများတွင် လူငယ်များမှ ပါဝင်ယှဉ်ပြိုင်ကြပါသည်။ ကျေးရွာတွင်းတွင် ရေးဘိုးဘွားအစဉ်အဆက်က ဖွဲ့စည်းတည်ရှိမှုအား လက်ဆင့်ကမ်းလာသည့် လူငယ်အဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့ဝင် (၁၀၄) ယောက်ရှိပြီး လမ်းပြုပြင်ခြင်း၊ ကျေးရွာသာရေးနာရေး၊ ကျောင်းဝေယျာဝစ္စပြုလုပ်ပေးခြင်း နှင့် တောထဲတွင်ထင်းဖျက်ခြင်း၊ ထင်း ရှာပေးခြင်းတို့ ပြုလုပ်ပေးလျက်ရှိပါသည်။ လူငယ်အဖွဲ့အားဆယ်အိမ်ခေါင်းတစ်ခုတွင် အဖွဲ့ (၁) ဖွဲ့ဖြင့် (၃) ဖွဲ့ခွဲ၍ တစ်ဖွဲ့လျှင် (၁၅) ရက်တစ်ခါဘုန်းတော်ကြီးကျောင်းသို့ လာရောက်လုပ်အားပေးခြင်းတို့ ပြုလုပ်ကြပါသည်။ ရွာဦးကျောင်း ဆရာတော်မှ ဦးစီး၍ လူငယ်များဖြင့်ဖွဲ့စည်းတည်ထောင်ထားသော ဝင်းရတနာဇာတ်အဖွဲ့ရှိပါသည်။ ဇာတ်သဘင်ပညာရှင်များကို ငှားရမ်း၍ သင်ကြားပေးပြီး ဇာတ်အဖွဲ့အား ပုံမှန်ပွဲတော်လများ အနေဖြင့် သီတင်းကျွတ် နှင့် တန်ဆောင်မုန်းလများတွင် လာရောက်ငှားရမ်းကြပါသည်။ ရန်ပုံငွေအနေဖြင့် လူငယ်အဖွဲ့ရန်ပုံငွေ၊ ကရင်ဒုံးယိမ်းအဖွဲ့ရန်ပုံငွေ နှင့် ဇာတ် အဖွဲ့ ရန်ပုံငွေ ဟူ၍ ထားရှိပါသည်။ ကျေးရွာတွင်းတွင် အိမ်ထောင်သည်များဖြင့် လူလတ်ပိုင်းအဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပါသည်။ ရံဖန်ရံခါတွင် လူငယ်များမအားလျှင် လူလတ်ပိုင်းများမှ ဝင်ရောက် လုပ်ကိုင်ပေးကြပါသည်။

ကျေးရွာတွင်းတွင် စာကြည့်တိုက်အား ၂၀၀၈ခုနှစ်က တည်ဆောက်ထားပါသည်။ စာကြည့်တိုက်ရှိသော်လည်း စာဖတ်သူနည်းခြင်း၊ စိတ်ဝင်စားမည့်စာအုပ်မရှိခြင်း၊ မအား၍ စာအုပ်အဖတ်နည်းခြင်း နှင့် အနေဝေးခြင်းတို့ကြောင့် စာကြည့်တိုက်သည်အမြဲတမ်းဖွင့်ထားသော်လည်း လူမရှိခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် စာကြည့်တိုက်တွင် လူငယ်များအသိပညာ ဗဟုသုတပိုမိုတိုးပွားလာစေရန်နှင့် စာအုပ်များစုံစုံလင်လင်ထားပေးဖို့ရန် လိုအပ်နေပါသည်။ ထို့ပြင် စာဖတ်ရန် စည်းရုံးတိုက်တွန်းမှုများလည်းလိုအပ်နေပါသည်။ ထို့ကြောင့် စာကြည့်တိုက်အတွက် လိုအပ်သည့် စာအုပ်များရရှိနိုင်ရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သည့် အကူအညီများတောင်းခံသင့်ပါသည်။ ထို့ပြင် ကျေးရွာမှလူငယ်များအား အလှည့်ကျစာကြည့်

**တိုက်မှုး ခန့်အပ်သင့်ပါသည်။**

**(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)**

**ဝင်းကံကျေးရွာတွင် ဆက်သွယ်သွားလာရန် နှင့် သယ်ယူပို့ဆောင်ရေး အတွက် စက်လှေ (၇) စီး၊ လှေသမ္ဗာန် (၁၆)စီး၊ စက်ဘီး (၁၄၇) စီး၊ မော်တော်ဆိုင်ကယ် (၁၀၈) စီး၊ သုံးဘီး ဆိုင်ကယ် (၁) စီး နှင့် ကား (၁) စီး တို့ဖြင့် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကျေးရွာသည် ခရိုင်ခြင်းဆက် လမ်းပေါ်တွင်တည်ရှိသဖြင့် လမ်းတည်ဆောက်မှု ပြီးစီးသွားပါက ဆက်သွယ်ရေး ပိုမိုကောင်းမွန် လာ ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်လာမည် ဖြစ်ပါသည်။**

**သတင်းအချက်အလက်**များကို ရပ်ဝေးဒေသများတွင် သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် အများဆုံးအားဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ ကျေးရွာတွင်းတွင် တယ်လီနော၊ အူရီဒူး နှင့် မြန်မာ့ဆက်သွယ်ရေးလိုင်းများကို သုံးစွဲနိုင်ကြပါသည်။ Telenor တာဝါတိုင်သည် ကျေးရွာထိပ်တွင် စိုက်ထူထားပါသည်။ **ဖုန်းအသုံးပြုသည့်လူငယ်တိုင်း အင်တာနက်နှင့်** Facebook **အားလက် လှမ်းမှီမှုရှိကြပါသည်။**

**ကျေးရွာတွင်းတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မည်သည့်စီမံခန့်ခွဲမှုကော်မတီမျှ ဖွဲ့စည်း ထားမှုမရှိပေ။ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များအနေဖြင့် ကျိုက်ထိုမြို့နယ်၊ မီးသတ် ဦးစီးဌာနမှ (၅) နှစ်တစ်ချိန် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါသည်။ သို့သော် ကျေးရွာမှ တက်ရောက်ထားခြင်းမရှိသည့်တွက် ၎င်းနှင့် ပတ်သက်သည့်အရံမီးသတ်တပ်ဖွဲ့ကိုလည်းဖွဲ့စည်းထားခြင်းမရှိပေ။ သို့ဖြစ်ပါ၍ ကျေးရွာသူ/သား များအနေဖြင့် သဘာဝဘေးအန္တရာယ်များမကျရောက်မှီနှင့် ကျရောက်ပြီးပါ က ကြိုတင်ကာကွယ်မှု နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ရပါမည်။**

**(ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာနှင့်** ၉ မိုင် ၄ ဖာလုံအကွာတွင် သိမ်ဇရပ်ရဲစခန်းတည်ရှိပါသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

### (က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ဝင်းကံကျေးရွာရှိ ကျေးရွာသူရွာသားများသည် စည်းလုံးညီညွတ်မှုရှိခြင်း၊ ဦးဆောင်မှုနောက်တွင် ရွာသူရွာသားများ၊ လူငယ်များ တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်ရန် မြေဩဇာကောင်းမွန်ခြင်း၊ ဥယျာဉ်ခြံစိုက်ပျိုးရန် သင့်တော်သော ရေမြေရာသီဥတုရှိခြင်း၊ တိုးချဲ့စိုက်ပျိုးရန် မြေလွတ်မြေရိုင်းများ ရှိခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု ရှိခြင်း၊ ထွက်ရှိသမျှ သီးနှံအားလုံးကို ရောင်းချနိုင်သည့် ဈေးကွက်ရှိပါသည်။

ဝင်းရတနာ လူငယ်ဇာတ်အဖွဲ့ကို တည်ထောင်ထားခြင်းသည် လူငယ်များ အသိပညာ၊ ဗဟုသုတ များကို တိုးပွားစေပြီး အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ရရှိစေပါသည်။

### (ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဝင်းကံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ဆောင်ရာ၌ စနစ်တကျလုပ်ကိုင်နိုင်သည့် စွမ်းဆောင်ရည် အားနည်းခြင်းကြောင့် ပွင့်လင်းမြင်သာမှု မရှိခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဟန့်အတားတစ်ခုဖြစ်ပါသည်။

လယ်ယာလုပ်ငန်းနှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက် လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့်ကွာခြားခြင်း၊ အလုပ်အကိုင်ပေါများခြင်းကြောင့် လူငယ်များ သည် နည်းလမ်းမျိုးစုံဖြင့် သွားရောက်နေကြသဖြင့် ဒေသတွင်းလုပ်သားရှားပါးခြင်းတို့ ဖြစ်ပေါ်နေ ပါသည်။

ရွာသူရွာသားများသည် လယ်မြေများ၊ ဥယျာဉ်ခြံများတွင်စိုက်ပျိုးရေးလုပ်ကိုင်နေကြသော်လည်း အချို့ မြေ များသည် တရားဝင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ကို မရရှိကြသေးပါ။ စိုက်ပျိုးရေ လုံလောက်မှု မရှိခြင်း၊ ပိုးမွှားရောဂါများ စနစ်တကျ ကာကွယ်နှိမ်နင်းမှု မပြုနိုင်ခြင်းသည် သီးနှံ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အဟန့်အတားဖြစ်ပါသည်။ ကျေးရွာမှ ထွက်ရှိလာသော ထွက်ကုန်များကို ရောင်းချရန် ဈေးကွက်လက်လှမ်းမီသော်လည်း ကုန်သည်ပွဲစားများအား မထိုးဖောက်နိုင်ခြင်း၊ ကုန်ချောထုတ်လုပ်သည့် စက်ရုံများ နှင့် တိုက်ရိုက် မချိတ်ဆက်နိုင်ခြင်းသည် ဝင်ငွေတိုးတက်ရရှိရေးအတွက် အဟန့်အတားများ ဖြစ်ပါသည်။

ပညာရေးကဏ္ဍတိုးတက်ရေးအတွက် မိဘဆရာအသင်း နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များသည် ကျောင်းသူ/ကျောင်းသားများအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းလိုကြသော်လည်း ငွေကြေး ပြည့်စုံမှု မရှိပါ။

ကျေးရွာသည် မြို့နှင့်အလှမ်းဝေးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သော နည်းပညာဝန် ဆောင်မှုများ လက်လှမ်းမမီခြင်း၊ ချေးငွေလက်လှမ်းမမီခြင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတိုးတက်ရေးအတွက် အဟန့် အတား ဖြစ်နေ ပါသည်။

အသက်မွေးဝမ်းကြောင်းပညာတတ်မြောက်မှုအားနည်းခြင်း၊ တန်ဘိုးမြှင့်ထုတ်ကုန် မထုတ်လုပ်နိုင် ခြင်းသည် ကျေးရွာ၏ မိသားစုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်နေပါသည်။

ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါပြင်းထန်မှသာ ဆေးရုံဆေးခန်းများကို သွားရောက်ကြသဖြင့် ကျန်းမာရေးနှင့် ပတ်သက်၍ အလေးထားမှုအားကောင်းလာရန် လိုအပ်ပါသည်။

### (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့ ဝင်းကံကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ကျေးရွာသူ ရွာသားများပူးပေါင်း၍ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင် ကျေးရွာ၏ရည်မှန်းချက်ပန်းတိုင်နှင့်ယင်းပန်းတိုင်ရောက်ရှိရေး အတွက် အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။ ကျေးရွာ

သည် စိုက်ပျိုးရေးကို အဓိကထား၍ အသက်မွေးဝမ်းကြောင်းပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုး တိုးတက်ရန် ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်။

က) အရည်အသွေးမြင့်၊ စီးပွားရေးတွက်ခြေကိုက်သော စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် **မိသားစုများ ဝင်ငွေတိုးလာစေရမည်။**

ခ) ယဥ်ကျေးမှုအမွေအနှစ်များ၊ သမိုင်းဝင် ဘုရားပုထိုးများဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများကို ထူထောင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး **စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေ တိုးမြင့်လာ ရမည်။**

ဂ) ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာ မီးလင်းရေးများ စသည့် **လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရန်** တို့ ဖြစ်ပါသည်။

**(ခ) နည်းဗျူဟာ**

ဝင်းကံကျေးရွာအတွင်း ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့က သက်ဆိုင်ရာဦးစီးဌာနများဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ချိတ်ဆက်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီ အနေဖြင့် ကျေးရွာ အတွင်းရှိ သက်ဆိုင်ရာ ကျေးရွာသူ၊ ကျေးရွာသားများဖြင့် တွဲဖက်ကာ ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲခြင်း၊ ကြီးကြပ် အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို စာရင်းဇယားနှင့်တကွတင်ပြခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက် တိုးတက်လုပ်ကိုင်သွားရမည် ဖြစ်ပါသည်။ လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည် ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် **အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက် များသော၊ အထွက်ကောင်းသည့် ရာသီသီးနှံများကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန် နှင့်** စိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုနှင့် မျိုးကောင်းမျိုးသန့်များလွယ်ကူစွာ လက်လှမ်းမီရေး **အတွက် လိုအပ်သည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ၊ စိုက်ပျိုးရေး ကုမ္ပဏီများ နှင့် ချိတ်ဆက်လုပ်ဆောင်ရန် ဖြစ်ပါသည်။**

(၂) **မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ကျိုက်ထိုမြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းတို့ နှင့် ချိတ်ဆက်၍ အရည်အသွေးမီသောရာဘာပြားများကို ထုတ်လုပ်ပေးနိုင်ရန် နှင့် ကောင်းမွန်သောရော်ဘာဈေးကွက် လက်လှမ်းမီရန်အတွက် လိုအပ်သောသွင်းအားစုများ နှင့် နည်းပညာများစနစ်တကျ သုံးစွဲနိုင်ရေး လုပ်ဆောင်ရန် ဖြစ်ပါသည်။**

(၃) **သွင်းအားစုများအချိန်မှီ အသုံးပြုနိုင်ရန် နှင့် အချိန်မှီ စိုက်ပျိုးထွန်ယက်နိုင်ရန်အတွက် လုံလောက်သော** ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုတိုးတက်စေရန်အတွက် ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(၄) **ကျေးရွာအတွင်းရှိ လူငယ်များ၏** အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသထွက်ကုန်များအခြေခံသော ကုန်ချောထုတ်လုပ်မှုနှင့်ရောင်းဝယ်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်စေသော စက်ရုံ၊ အလုပ်ရုံများ၊ ဟော်တယ်နှင့် ခရီး သွားလာရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်ကူပြုမည့် အခြေနေကောင်းများ နှင့် လူငယ်လူရွယ်များ အားစွမ်းရည်မြှင့်သင်တန်းများပေးနိုင်အောင် ဖန်တီးဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

(၅) ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီရေး နှင့် ပညာရေး၊ ကျန်းမာရေး နှင့် သက်ဆိုင်သော အသိ၊ ဉာဏ်ပညာများ တိုးပွားရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး ၊ ကျေးရွာမီးလင်းရေးတို့အားသက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် ဖြစ်ပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒ နှင့် လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အိမ်ထောင်စုတစ်ခုချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ချေးငွေသည် အရေးကြီးပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံတစ်ခုတည်းကိုသာ အဓိကထားရာမ

ဒေသအလိုက် စိုက်ပျိုးသောသီးနှံများအတွက်ပါ အဆင်ပြေသောအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ရန် ချိတ်ဆက်ရပါမည်။ ထို့ပြင်ပုဂ္ဂလိက၊ ကဏ္ဍမှငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်တင်ပြရပါမည်။

**ကျေးရွာသမဝါယမအသင်း**

သမဝါယမဦးစီးဌာန၏ပုံမှန်ကျေးရွာသမဝါယမအသင်းများအပြင် **၂၀၁၃ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂအစီအစဉ်၏ဦးဆောင်မှုဖြင့် ကျေးရွာများရှိ အချို့သော အသက်မွေးဝမ်းကျောင်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး အဖွဲ့စည်းများအားသမဝါယမအသင်းများအဖြစ်ဖွဲ့စည်းခဲ့ပါသည်။ မည်သည့်လုပ်ငန်းအတွက်မဆိုထုတ်ချေး၍ရပြီး ချေးငွေကာလမှာ(၆လ)ဖြစ်ပါသည်။ အတိုးနှုန်းမှာ ငွေ၁၀၀ကျပ်လျှင် ၁.၁၅ကျပ်တိုးဖြစ်ပြီး မြို့နယ်သမဝါယမသို့ ၁ကျပ်တိုး ပြန်သွင်းရပြီး အဖွဲ့ထဲတွင် ၀.၁၅ကျပ်တိုး ကျန်ရှိခဲ့မည်ဖြစ်ပါသည်။ အဖွဲ့ငယ်(၁၀)ဦးတစ်ဖွဲ့ဖွဲ့ရပြီး အချင်းချင်း ပြန်လည်အာမခံရသည့်စနစ်ကို ကျင့်သုံးကြပါသည်။**

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ နှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းဖြစ်သည်။ သို့ဖြစ်၍ဈေးကွက်ဖော်ဆောင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် တင်ပြချိတ်ဆက်ရပါမည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များ အလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တနိုင်တပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။

### (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်ဆိုသည်မှာ ချမှတ်ထားသည့်ဗျူဟာကို လုပ်ငန်းအဖြစ် အောက်ခြေတွင် ဆောင်ရွက်သည့် အလုပ်ဖြစ်သည်။ စီမံကိန်းကာလ(၅)နှစ်တာအပြီးတွင် ချမှတ်ထားသည့်ပန်းတိုင် ရောက်ရှိရေး အတွက် စီမံချက်အသီးသီးတို့ကို အစီအစဉ်တကျ ချိတ်ဆက်ဆောင်ရွက်သွားရပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ

လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

### ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊

- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ် အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ–

| စဉ် | ကဏ္ဍ/ အကြောင်း အရာ | စီမံချက် | ဦးစား ပေး ရမှတ် | ဦးစား ပေး အဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် |
|---|---|---|---|---|---|
| ၁။ | စီမံအုပ်ချုပ်မှုစနစ် | **ကျေးရွာအဖွဲ့အစည်း များ ဖွံ့ဖြိုးတိုးတက် ရေး စီမံကိန်း** | ၆၈ | ၁ | • အဖွဲ့စည်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေး သဘော တရားသင်တန်းပို့ချပေးခြင်း၊<br>• ကျေးရွာစီမံချက်များ လက်တွေ့ အကောင်ထည် ဖော်လေ့ကျင့်စေခြင်း |
| ၂။ | စိုက်ပျိုးရေး နှစ်ရှည်ပင် | ရှောက်သီးထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာ နှင့် ငွေကြေး ဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမှီရေး | ၈၅ | ၃ | ➢ သက်ဆိုင်ရာအဖွဲ့အစည်း များ၊ ကုမ္ပဏီများနှင့် ချိတ် ဆက်၍..<br>➢ **ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု**<br>➢ **ငွေကြေးဝန်ဆောင်မှု**<br>➢ **နည်းပညာဝန်ဆောင်မှု**<br>➢ **ရှောက်သီးနှံထုတ်ကုန် တိုးတက်ရေးနည်းပညာများလက်လှမ်းမီရေး**<br>➢ **စိုက်ပျိုးနည်း စနစ်**<br>➢ **ဘက်စုံပိုးမွှားရောဂါကာ ကွယ်ထိန်းသိမ်းနည်း**<br>➢ **သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း**<br>➢ **သီးနှံတာရှည်ထားသို နည်း။** |

| | | | | | |
|---|---|---|---|---|---|
| | | ရာဘာထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင် မှုများလက်လှမ်းမှီရေး | ၇၇ | ၅ | • ဌာနဆိုင်ရာများ၊ ပုဂ္ဂလိ ကအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍<br>➢ **အရည်အသွေးကောင်း မွန်သော အဖူးကူးရာ ဘာ ပျိုးပင်များစိုက်ပျိုးနိုင်အောင်ဖန်တီးခြင်း**<br>➢ **အရည်အသွေးမြင့်ရာဘာ ပစ္စည်းများထုတ် လုပ်မှုဆိုင်ရာနည်းပညာ ဖွံ့ဖြိုးအောင်ဖန်တီးခြင်း။**<br>➢ **ရာဘာထုတ်လုပ်မှုလုပ် ငန်းအတွက် ချေးငွေ ရရှိရန် ဖန်တီးခြင်း။**တီးခြင်း |
| | စိုက်ပျိုးရေး (စပါး) | စပါးအထွက်တိုးတက်ရေးအတွက် စိုက်ပျိုးရေ၊ နည်းပညာနှင့် ငွေကြေး ဝန်ဆောင်မှုများလက်လှမ်းမီရေး | ၆၁ | ၁၀ | • မျိုးကောင်းမျိုးသန့်နှင့်ပတ်သက်၍အလေးထားလာအောင်မြှင့်တင်ပေး ခြင်း၊<br>• လိုအပ်သောသွင်းအားစု များအချိန်မှီသုံးစွဲနိုင်ရန်ချေးငွေရရှိနိုင်သည့်နေရာ များနှင့်ချိတ်ဆက်ခြင်း၊<br>• ရေထိန်းနံရံ နှင့် ရေတံခါးဆောက်လုပ် ခြင်းဖြင့် အထွက်တိုး အောင်ဆောင်ရွက်ခြင်း |
| ၃ | **မွေးမြူရေး** | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမီရေးချေးငွေဝန်ဆောင်မှုများလက်လှမ်းမီရေး | ၇၁ | ၇ | • တိရိစ္ဆာန်ကာကွယ်စောင့်ရှောက်ခြင်းနှင့်ဆိုင်သောအသိပညာဗဟုသုတများရရှိရန်ေ ောင်ရွက် ခြင်း၊<br>• ချေးငွေရရှိနိုင်သောနေရာများနှင့်ချိတ်ဆက်ပေးခြင်း၊<br>• ရောဂါကာကွယ်ကုသမှုအတွက်အစုအဖွဲ့ဖွဲ့၍ လုပ်ဆောင်ခြင်း၊ |
| ၄ | စိုက်ပျိုး မွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေး လုပ်ငန်း | ဒေသထွက်ကုန်များအခြေခံသော ကုန်ချောထုတ် လုပ်မှုနှင့် ရောင်းဝယ်မှုများ၊ ဟော်တယ်နှင့် ခရီး သွားလာရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်ကူပြုမည့် အခြေနေ ကောင်းများဖန်တီးရေး | ၇၅ | ၆ | • အောက်ပါလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်း ရှင်များရင်း နှီး မြှပ်နှံမှု တိုးတက်အောင် ဆောင်ရွက်ခြင်း<br>○ သစ်သီးများကြာရှည်ခံအောင်ထုတ်လုပ် သည့် စက်ရုံ များ ထူ ထောင်နိုင် ရန်<br>• ဟော်တယ်နှင့် ခရီးသွားလာရေးကဏ္ဍအတွက် သွင်းကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ |

| | | | | | |
|---|---|---|---|---|---|
| ၅ | ပညာရေး | ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှုများ အားလက်လှမ်းမီရေး | ၉၁ | ၂ | • မိဘဆရာအသင်းကို အောက်ပါစွမ်းရည်များတိုးတက်အောင်ဆောင်ရွက် ခြင်း<br>• မူလတန်းကျောင်း၏ သင် ကြားမှုအခြေအနေတိုး တက်ရေးစီမံချက်ရေးဆွဲ ခြင်း<br>• အထက်ပါစီမံချက် အကောင်ထည်ဖော်ရေးအစီစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း |
| ၆ | ကျန်းမာရေး | • ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ ရန် ဆောင်ရွက်ခြင်း။ | ၆၅ | ၉ | • ကျန်းမာရေးအသိ ပညာပေးခြင်း<br>• လူမှုရေးရန်ပုံငွေနှင့် ကျန်းမာရေးအကျိုး တော်ဆောင်အဖွဲ့များတည်ထောင်ခြင်း<br>• သဘာဝဘေးအန္တရယ်နှင့်အရေးပေါ်ကူးစက်ရောဂါပျံ့နှံ့ခြင်းများ အတွက် လိုအပ်သော ပြင်ဆင်မှုများနှင့် အသိပေးနှိုးဆော်မည့်တက်ကြွသည့်အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊<br>• မူလတန်းကျောင်းများတွင်ကျောင်း ကျန်းမာ ရေးအသိပညာပေး လုပ်ငန်း များ ထည့်သွင်းရေးဆွဲခြင်း |
| ၇ | ကျေးရွာသောက်သုံးရေလက်လှမ်းမီမှုတိုးတက်ရေး | • ကျေးရွာသောက်သုံးရေလက်လှမ်းမီမှု တိုးတက်ရေ | ၉၄ | ၁ | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ စက်ရေ တွင်းမှရေအားရွာအောက်ပိုင်းသို့သွယ် တန်းခြင်း<br>❖ ရေစင်ဆောက်လုပ် ခြင်း၊<br>❖ ရေသွယ်တန်း ခြင်း |
| ၈ | လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား | • လူငယ်များ ကာယ၊ ဉာဏ စာရိတ္တ နှင့် ဗဟုသုတ တိုးတက်လာ စေခြင်း။ | ၆၈ | ၈ | • စာကြည့်တိုက်ကော်မတီ အားစွမ်းဆောင်ရည် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း<br>• အားကစားကွင်းသည် အ ခြားကျေးရွာနယ်နမိတ်တွင် တည်ရှိနေခြင်း<br>• လူသိများသောစာရေးဆရာများ၏ စကား ဝိုင်းများနှင့် စာပေဟောပြောပွဲများအား အဖွဲ့လိုက်စုနားထောင်ခြင်းနှင့် စုဝေးတိုင်ပင်ခြင်းတို့လုပ်နိုင်အောင် စည်းရုံးလှုံ့ဆော်ခြင်း<br>• လူငယ်များအတွက် ပညာရေး၊ အားကစား စသော  လူမှုရေး လုပ်ငန်းကဏ္ဍများတွင် စိတ်ကူးအမြင်များမှတဆင့်လက်တွေ့ ဖြစ် လာအောင် |

| | | | | | |
|---|---|---|---|---|---|
| | | | | | အခွင့် အလမ်းများ ဖန်တီး ပေးခြင်း၊ |
| ၉ | **ကျေးရွာတွင်း အခြေခံအ ဆောက်အဦး များ** | ရေကျော်သည့်နေရာအား တံတားတည်ဆောက် ခြင်း၊ | ၈၁ | ၄ | • ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ ၄၀ပေ x ၆ ပေ x ၂၅ပေ တံတား(၁) စင်း တည်ဆောက်ခြင်း |

### (ဃ) အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာသောက်သုံးရေလက်လှမ်းမီမှု တိုးတက်ရေ | ၁ | | Â | Â | Â | Â |
| ၂ | ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှုများ အားလက်လှမ်းမီရေး | ၂ | Â | Â | Â | Â | Â |
| ၃ | ရှောက်သီးထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာ နှင့် ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမှီရေး | ၃ | Â | Â | Â | Â | Â |
| ၄ | ရေကျော်သည့်နေရာအား တံတားတည်ဆောက် ခြင်း၊ | ၄ | | | Â | Â | Â |
| ၅ | ရာဘာထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများလက်လှမ်းမှီရေး | ၅ | Â | Â | Â | Â | Â |
| ၆ | ဒေသထွက်ကုန်များအခြေခံသော ကုန်ချောထုတ် လုပ်မှုနှင့် ရောင်းဝယ်မှုများ၊ ဟော်တယ်နှင့် ခရီး သွားလာရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်ကူပြုမည့် အခြေနေ ကောင်းများဖန်တီးရေး | ၆ | | Â | | | |
| ၇ | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမီရေးချေးငွေဝန်ဆောင်မှုများလက်လှမ်းမီရေး | ၇ | Â | Â | Â | Â | Â |
| ၈ | **ကျေးရွာအဖွဲ့အစည်း များ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း** | ၈ | Â | Â | Â | Â | Â |
| ၉ | လူငယ်များ ကာယ၊ ဉာဏ စာရိတ္တ နှင့် ဗဟုသုတ တိုးတက်လာ စေခြင်း။ | ၈ | | | | | Â |
| ၁၀ | ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ ရန် ဆောင်ရွက်ခြင်း။ | ၉ | Â | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၁ | စပါးအထွက်တိုးတက်ရေးအတွက် စိုက်ပျိုးရေ၊ နည်းပညာနှင့် ငွေကြေး ဝန်ဆောင်မှုများလက်လှမ်းမီရေး | ၁၀ | Â | | | | | |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

**ဇယား (၃) – စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်း | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာသောက်သုံးရေလက်လှမ်းမီမှု တိုးတက်ရေ | ၁ | | | | |
| ၂ | ကျေးရွာသူသားများ ပြည့်စုံကောင်း မွန် သော သင်ကြားမှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်း မီရေး | ၂ | | | | |
| ၃ | ရှောက်သီးထုတ်လုပ်မှုတိုးတက်ေေးအတွက် နည်းပညာ နှင့် ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမှီရေး | ၃ | | | | |
| ၄ | ရေကျော်သည့်နေရာအား တံတားတည်ဆောက် ခြင်း၊ | ၄ | | | | |
| ၅ | ရာဘာထုတ်လုပ်မှုတိုးတက်ရေးအတွက်နည်းပညာနှင့်ငွေကြေးဆိုင်ရ ာ ဝန်ဆောင်မှုများလက်လှမ်းမှီရေး | ၅ | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ဒေသထွက်ကုန်များအခြေခံသော ကုန်ချောထုတ် လုပ်မှုနှင့် ရောင်းဝယ် မှု များ၊ ဟော်တယ်နှင့် ခရီး သွားလာ ရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် အထောက်ကူ ပြုမည့် အခြေနေ ကောင်းများဖန်တီးရေး | ၆ | | | | |
| ၇ | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန် ဆောင်မှု များလက်လှမ်းမီရေး ချေးငွေဝန်ဆောင်မှု များ လက်လှမ်းမီရေး | ၇ | | | | |
| ၈ | **ကျေးရွာအဖွဲ့အစည်း များ ဖွံ့ဖြိုးတိုးတက် ရေး စီမံကိန်း** | ၈ | | | | |
| ၉ | လူငယ်များ ကာယ၊ ဉာဏ စာရိတ္တ နှင့် ဗဟုသုတ တိုးတက်လာစေခြင်း။ | ၈ | | | | |
| ၁၀ | ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ ရန် ဆောင်ရွက်ခြင်း။ | ၉ | | | | |
| ၁၁ | စပါးအထွက်တိုးတက်ရေးအတွက် စိုက်ပျိုးရေနည်းပညာနှင့်ငွေကြေး ဝန်ဆောင်မှုများလက်လှမ်းမီရေး | ၁၀ | | | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော် ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်ကို မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်

ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာ အသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများ အား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ် ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံး လုပ်ငန်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်;ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်း တွင် ကော်မတီ နှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုတို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။